

ဖြိုးသစ္စာ

# တမလွန်မှ အဘွားအို

## တမလွန်မှ အဘွားအို
## ဖြစ်ရပ်ဆန်းကြယ်ပရလောကဝတ္ထုတို

အချို့သော အရာတို့ သည် ဖြစ်ရပ်ဆန်းကြယ် ဆိုသည့် အတိုင်း၊ လူသားလောကနှင့် ပရလောကမှာ ဆက်စပ်လျက် ရှိနေတတ်ပါသည် ။

ဘဝဟောင်းမှ ဘဝသစ်သို့ ကူပြောင်းသွားသည် ဆိုသောငြား၊ မကျွတ်မလွတ်သည့် ဘဝသို့ ရောက်နေသည့် တိုင်အောင်၊ ဘဝဟောင်းမှ တော်စပ်ခဲ့ကြသော ဆွေမျိုး မိသင်္ဂဟနှင့် ၊ သားသမီး မြေးမြစ်တို့အား၊ တစ်စုံတစ်ရာ အခက်အခဲများ တို့ နှင့် ကြုံကြိုက်နေသည့် အခါမျိုးတို့ တွင် ၊ အရာဝတ္ထုတစ်ခု သို့မဟုတ်၊ အရိပ်ပြခြင်း၊ အသံပေးခြင်း၊ အနံ့ပေးခြင်း၊ စသည် တို့ ဖြင့်၊ သူတို့ ၏ လုပ်ပေးနိုင်စွမ်း ရှိသလောက်တော့၊ မရရတဲ့ နည်းနဲ့ ကယ်တင်သတိပေး တတ်ကြပေသေး၏။

ထိုအထဲတွင် ကျွန်တော်၏ သူငယ်ချင်း ဇော်မောင် တစ်ယောက်လည်း ၊ အပါအဝင်ဖြစ်ပါ လေတော့သည် ။ ကျွန်တော်၏ သူငယ်ချင်း ဇော်မောင်သည် ၊ သူငယ်စဉ် ကလေး ဘဝကတည်းက၊ သူ၏ မိခင်တို့ နဲ့ အတူနေခြင်း မရှိပေ၊ သူ့မိခင်၏ အမေ အဘွားဖြစ်သူနဲ့ သာလျှင် အတူနေလာ ခဲ့သောကြောင့် ၊ မိခင်နှင့် ဖခင်ဖြစ်သူအား သံယောဇဉ် သိပ်မရှိ၊ သူ၏ အဘွားကိုသာ သံယောဇဉ် ရှိနေတော့၏။

သူ၏ အဘွားသည် သူ့ယောက်ျား ကွန်လွန်သွားပြီး ကတည်းက၊

တစ်ကိုယ်တည်း နေထိုင် လာခဲ့သူဖြစ်သည် ၊ ဘယ်သားသမီးများ ၏ အိမ်မှာ မှ ၊ လိုက်၍ မနေပါချေ။ သားသမီးများ ငြူစူလာမှာ ကို စိုးရိမ်သောကြောင့် လည်း ဖြစ်ပါ သည် ။

သူ့လက်ထဲတွင် သူပိုင်ဆိုင်ထားသည့် လယ်လေးငါးဧကအား၊ သူကိုယ်တိုင် မစွမ်းနိုင်တော့သည့် အနေအထားမို့၊ လယ်ထောက်ခချ၍ ပေးထားလိုက်၏။ ထိုလယ်လေးများမှ ရသော ဆန်စံပါးလေးများ ဖြင့်သာ သူ၏ တစ်ကိုယ်ရေ တကာရ စားဝတ်နေရေး၊ ဆေးဖိုးဝါးခကစလို့ အဆင်ပြေအောင် နေထိုင်လျက်ရှိ၏။ ဘယ်သားသမီး ကိုမှ သူဟာ လက်ဖြန့်တောင်းရိုး ထုံးစံလည်း မရှိပေ။

ဇော်မောင်သည် အသက်ဆယ့်ခွန်၊ ဆယ်ခြောက်အရွယ်သို့ ရောက်သည့် ထိ တိုင်အောင်၊ သူ၏ အဘွားနှင့် သာ နေထိုင်လာခဲ့၏။ သူ၏ အဘွားသည် သူ့ကို အရမ်းချစ်၏။ ကျောင်းလည်း ထားပေးသလို၊ အဝတ်အစား စသည် တို့ အားလည်း သူ့မြေးလေးအတွက် မရိုးနိုင်အောင် ဆင်ပေးလျက်ရှိ၏။

သူကလည်း သူ၏ အဘွားအား၊ လိမ္မာသည့် မြေးတစ်ဦး ဖြစ်သည့် အတွက်၊ ယောကျ်ားလေး တစ်ယောက်၏ လုပ်နိုင်စွမ်းရှိသော၊ အမှုကိစ္စမှန်သမျှတို့ အား လုပ်ပေးလျက်ရှိ၏။ ထင်းခွဲခြင်း၊ ရေခက်ခြင်း၊ အဘွားအား နှိပ်နယ် ပေးခြင်း၊ စသည့် လူကြီးသူမအား သိတတ်သော မြေးလိမ္မာလေး တစ်ယောက်လည်း ဖြစ်ပါလေသည် ။

သူ၏ အဘွားသည် နတ်ကိုလည်း ကိုးကွယ်ယုံကြည်လေ၏။ အိမ်၏ အတွင်းပိုင်တွင် လည်း ၊ ဘုရားစဉ်၏ ဘေးပတ်ပတ်လည်တို့ မှာ ၊ နတ်စဉ်များက ဝန်းရံလျက်ရှိလို့ နေပါတော့သည် ။ အုန်းပွဲ၊ ငှက်ပျော်ပွဲကတော့ အမြဲမပြတ် ထိုးလျက်ရှိ၏။

ညစဉ်ညတိုင်း ဘုရားဝတ်တက် ပြီးသည် နှင့် ၊ နတ်စဉ်တို့ အား လည်း အမြဲဦးတိုက်လျက်ရှိ၏။ အဘွား၏ ရှေးအတိတ်ကံကပဲ အကျိုး ပေးလေရော့ သလားတော့မသိ၊ အဘွားသည် အလှူအတန်း တစ်ခုခုလု ပ်တော့ မည်ဆိုလျှင်၊ နတ်တို့ အား ရှိခိုးဦးတိုက်၍ ဆုများ တောင်းလိုက် သည် ရှိသော်၊ သူ၏ အိပ်မက်ထဲတွင် တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်တ စ်ဦးက၊ ချဲဂဏန်း တစ်ကွက်ကို လာလာပေးနေသည် ချည်းသာ ဖြစ်ပေ ၏။

ပေးသည့် အခါတိုင်းလည်း သူသည် များများ စားစား မထိုးပါချေ၊ တစ်ထောင်ဖိုးလောက်သာ ထိုးတတ် ပေ၏။ ထိုပေါက်သည့် အရာကိုလ ည်း သူသည် အမြဲတမ်း သုံးပုံ ပုံလိုက်၏။ တစ်ပုံကို အလှူအတန်းလုပ် ၏ ၊ တစ်ပုံကိုတော့ ရပ်ရွာနှင့် ရွာမှ လူများ အတွက် ဆေးပစ္စည်း စသည် တို့ အား၊ လိုအပ်သည့် နေရာအတွက် အသုံးပြုရန် လှူလေ၏။ ကျန်တစ် ပုံကိုတော့ သူ၏ မြေးလေး ကျောင်းစရိတ်နှင့် ၊ သူ၏ ဆေးဖိုးဝါးခအတွ က်သာ၊ အသုံးပြု လေတော့ သည် ။

ဒီလိုနဲ့ အလိုလိုနေရင်း အဘွားသည် ၊ သူ၏ ရွာတွင် သာမက၊ အခြား ရွာနီးချုပ်စပ်များ တို့ ကပါ၊ ချဲထွက်တော့ မည့် အချိန် နီးကပ် လာပြီ ဆိုလျှင်၊ အဘွား၏ အိမ်သို့ ရောက်ရောက်လာကြ၍ ...

"အဘွားရယ် သားတို့ ကို နည်းနည်းလောက်တော့ မစပါ၊ သမီးတို့ ကို နည်းနည်းလောက်တော့ မစပါ၊" စသည့် ဂဏန်းလာတောင်းသူများ က၊ တစ်စထက် တစ်စ များများ လာလေတော့၏။

လူအများ ၏ အားကိုး ယုံကြည်လာမှုတို့ ကြောင့် ၊ အဘွားသည် သူ့ အလိုလိုနေရင်း နတ်ကတော် အဘွားအိုကြီးသဖွယ် နာမည်ကြီးနေ လေ တော့သည် ။

သို့သော် ထူးခြားနေသည် မှာ အဘွားသည် ၊ ဘယ်သူတွေ ဘယ်လောက် တောင်းတောင်း၊ ချဲဂဏန်းမပေး ပါချေ၊ သူ၏ နှုတ်မှ စကားတစ်ခွန်းသာလျှင် ပြောတတ်လေ၏။

"ဟဲ့ ... ကလေးတွေရဲ့ ၊ ဒါတွေဟာ ကံကံ၏ အကျိုးနဲ့ ရှေးပဋ္ဌာန်းဆက်တွေနဲ့ လည်း ဆက်စပ်တယ်ဟဲ့" ဟု သာ ပြောဆိုတတ်လေ၏။ ထိုအခါမျိုးတို့ ဆိုလျှင် အချို့သော ဆွေမျိုးတော်စပ်သူများမှာ ...

"အဘွားနဲ့ သမီးတို့ က ဆွေးမျိုးအရင်းတွေလေ အဘွားရဲ့ ၊ သမီးတို့ လည်း ကြီးပွား ချမ်းသာချင်တာပေ့ါ၊ ဒါကြောင့် တစ်ခါလောက်ပဲ မစပါ အဘွားရယ်"ဟု ဆိုလာတတ်လေသည် ။

"ဩော် ... ဒီကလေးမတွေနယ်၊ နင်တို့ ဗုဒ္ဓဘာသာတွေ မဟုတ်ဘူးလား"

"ဟုတ်တယ်လေ အဘွားရဲ့ "

"ဗုဒ္ဓဘာသာဆိုရင် ကံကံ၏ အကျိုးကို ယုံကြည်ရမှာ ပေ့ါဟဲ့၊ နင်တို့ က မလိုလောဘကလည်း အားကြီးကြတယ်၊ နောက်ပြီး ချမ်းသာချင်တဲ့ စိတ်ပဲ ရှိတယ်၊ ကိုယ်ပြုခဲ့ဘူးတဲ့ ရှေးအတိတ်ကံက ညံ့နေတာကိုတော့ မသိကြဘူး၊ ဒါတောင် ဒီဘဝမှာ လည်း နင်တို့ က ချမ်းသာဖို့ နည်းလမ်းကို ဖြတ်လမ်းကနေ လိုက်ချင်နေကြသေးတယ်၊ ဘယ်လိုမှ ဖြစ်လာနိုင်မှာ မဟုတ်ပါဘူးအေ"

"ဒါဆို အဘွားကြတော့ကော၊ ဗုဒ္ဓဘာသာလို့ ပြောပြီး၊ ဘာလို့ နတ်ကို ယုံကြည်နေရတာလဲ"

"ဟဲ့ ... ဒါက ငါတို့ ဘိုးဘွား အစဉ်လာကတည်းက ကိုးကွယ်လာခဲ့ကြတော့၊ ငါ့အလှည့်မှာ လည်း မပျက် မကွက် အစဉ်အလာ ထိန်းသိမ်း

တဲ့ အနေနဲ့ ၊ ကိုးကွယ်ယုံကြည်ရတာပေါ့ဟဲ့"

"ဩော် ... ဒီလိုကြောင့် ကိုး အဘွားက"

"ဟုတ်တယ် ..."

"အေး ... နင်တို့ တွေ တကယ် ချမ်းသာချင်ကြတယ် ဆိုရင်တော့ ၊ စိတ်ကောင်းထား၊ ဥပုသ်သီလဆောက်တည်၊ လူကြီးသူမတွေကို ရိုရိုသေသေ လေးလေးစားစား ဆက်ဆံ၊ ညတိုင်း ဘုရားဝတ်ပြုပြီးမှ အိပ်၊ ဒါဆိုရင် တဖြည်းဖြည်းနဲ့ ပထမဦးဆုံး စိတ်ချမ်းသာ လာလိမ့်မယ်၊ ပြီးရင် လူပါ ချမ်းသာလာလိမ့်မယ်၊ ဟုတ်ပြီလား"

အဘွားပြောသော စကားများ သည် အမှန်တွေချည်းသာ ဖြစ်နေပါတော့သည် ။ သို့သော် သူ့ဆီသို့ လာသည့် လူတိုင်းမှာ ကတော့၊ အဘွား၏ အမြင်နှင့် တခြားဆီကို ဖြစ်နေလေတော့သည် ။

ချဲဂဏာန်းရလျှင် ထိုးမယ်၊ ပေါက်ရင် အလှူအတန်းလုပ်ဖို့ နေနေသာသာ၊ ရသည့် အရာတို့ အား ရွှေငွေဆင်မယ်၊ သူများ ပိုင်ဆိုင်ထားတဲ့ ကျွဲနွားလယ်တို့ ကို၊ အမြတ်ကြီးစားပြီး ဝယ်မယ်ခြိမ်းမယ်၊ စသည့် လောဘရှေ့တန်းတင် မဟုတ်တာ လုပ်ဖို့ လောက်ကိုပဲ စိတ်ကူး ထားကြလေ၏။

ထို့ကြောင့် လည်း အဘွား၏ နှုတ်မှ ပြောသောစကားများ သည် "ဟဲ့ ... ဒါတွေဟာ ကံကံ၏ အကျိုးနဲ့ ပဋ္ဌာန်းဆက်တွေ နဲ့ လည်း ဆက်စပ်တယ်ဟဲ့" ဟု ပြောနေခြင်းပင် ဖြစ်လေတော့သည် ။ လူတိုင်းကတော့ နားမလည် ကြပါချေ။

"အေး ... တကယ်လို့ နင်တို့ တွေ တကယ် ကံကောင်းချင်တယ် ဆိုရင်တော့ ၊ ငါနဲ့ ပဋ္ဌာန်းဆက်တူအောင် လုပ်ကြရမယ်"

"ဘယ်လိုလုပ်ရမလဲ အဘွား"

"အခု နင်တို့ တွေရဲ့ လက်ထဲမှာ ၊ အခုပိုက်ဆံ ဘယ်လောက်ဆီ ပါလာကြလဲ"

"အနည်းအကျဉ်းတော့ ပါလာကြပါတယ် အဘွား"

"အေး ... ပါလာကြရင် အခုတစ်ယောက် တစ်ထောင်ဆီ ထုတ်လိုက်"

"ဟုတ်ကဲ့ပါ အဘွား" ဟု ဆိုကာ သူ့ထက်ငါ ပါလာကြသည့် အထဲမှ ၊ အားတက်သရော ထုတ်၍ အဘွား၏ လက်ထဲသို့ ပေးပါလေတော့သည် ။

အဘွားသည် သူ၏ အိမ်သို့ လာရောက်ကြသည့် လူများမှ ၊ ထုတ်ပေးလေသော ပိုက်ဆံများအားယူ၍ ၊

"ကဲ ... နင်တို့ ထဲက မိန်းကလေး တစ်ယောက်၊ ယောကျ်ားလေး နှစ်ယောက်၊ အခုချက်ချင်း စက်လှေနဲ့ မြို့ကိုသွား၊ မြို့ရောက်ရင် အခုငါပေးလိုက်မယ့် ပိုက်ဆံတွေနဲ့ ၊ ပန်းငါးမျိုးဝယ်ခဲ့၊ ပြီးရင် သစ်သီးကိုးမျိုး၊ အားလုံးပြီးရင်တော့ ဖယောင်းတိုင်၊ အမွှေးတိုင်များ နဲ့ အတူ၊ အုန်းသီး၊ ငှက်ပျောသီး အခိုင်လှလှလေးတွေကိုလည်း ရွေးပြီး ဝယ်လာခဲ့လိုက်ကြ"

"ဟုတ်ကဲ့ပါ အဘွား"ဟု ဆိုကာ လာရောက်ကြသော လူများ ထဲမှ မိန်းကလေး တစ်ယောက်နှင့် ယောကျ်ား လေးနှစ်ယောက်သည် ၊ သူတို့နှင့် နီးစပ်ရာမြို့ဆီသို့ ခဏချင်း ထွက်ခွာ သွားလေတော့သည် ။

များ မကြာမီ အချိန်တွင်းမှာ ပဲ၊ အဘွားမှာ လိုက်သည့် အရာတို့ အားပြည့်ပြည့်စုံစုံ ဝယ်ခြမ်းလာကြပြီးသည် နှင့် ၊ အဘွား၏ အိမ်သို့ ရောက်ရှိ၍ လာကြပါတော့သည် ။

အဘွားသည် သူတို့ ရောက်သည် နှင့် ...

"ကဲ ... ကဲ ... အားလုံး ငါ့အိမ်အပေါ်ထပ်ကို၊ ဘုရားစဉ်နဲ့ နတ်စဉ်ပါ မကျန် သန့်ရှင်းရေး လုပ်ပေးကြ"ဟု ပြော လိုက်လေ၏ ၊ ထိုသို့ ပြော လိုက်လေသော အခါ အားလုံးကလည်း တညီတညွတ်တည်း အဘွား၏ အိမ်အား၊ ဝိုင်းဝန်း၍ သန့်ရှင်းရေးလုပ်အား ပေးကြပါတော့သည် ။ အားလုံး သန့်ရှင်းလို့ ပြီးသည် နှင့် ၊ အဘွားသည် သူ၏ အိမ်အပေါ်ထပ်၌ ၊ ဘုရားဆင်တွင် လည်း အရင်ဦးဆုံး၊ ပန်းငါးမျိုး၊ သစ်သီးကိုးမျိုးတို့ နဲ့ အတူ ၊ အမွှေးတိုင်၊ ဖယောင်းတိုင်များ ထွန်းညှိုရင်း၊ ဘုရားပွဲလည်း ပေးကာ၊ နတ်စဉ်များကိုလည်း ထိုနည်းတူစွာပင်၊ ပန်းငါးမျိုး၊ အမွှေးတိုင်၊ ဖယောင်းတိုင်တို့ ထွန်းညှိ၍ ၊ အုန်းပွဲ ငှက်ပျော်ပွဲများကို တင်မြောက်ပါလေသည် ။

ထိုသို့ကိစ္စဝိစ္စ အားလုံးပြီးသည် နှင့် ၊ လာရောက်ကြသည့် လူများ ၏ ကုသိုလ်ကောင်းမှုအတွက်၊ ဘုရားစဉ်၏ ရှေ့ဝယ် ဩကာသ ကန်တော့ကြိုးဆို၍ ၊ ငါးပါးသီလများ ခံယူဆောက်တည် ရပါလေတော့သည် ။

ပြီးသည် နှင့် နတ်စင်များအားလည်း ၊ အဘွားနည်းတူ လိုက်၍ ဦးတိုက်ရပါလေ၏။ အားလုံး ပြီးဆုံးသော အခါ အဘွားသည် ။

"ကဲ ... အခု နင်တို့ တွေ အားလုံး ဘုရားစဉ်မှာ ၊ ပန်း ရေချမ်း၊ ဆီမီး၊ သစ်သီးဝလံများ စုံလင်စွာနဲ့ ၊ မြင်တွေ့ လိုက်ရပြီး၊ ငါပါးသီလကို ခံယူလိုက်တော့ နင်တို့ ရင်ထဲမှာ ပထမဦးဆုံး မအေးချမ်းသွား ကြဘူးလား"

"အေးချမ်းသွားပါတယ် အဘွား"

"အဲဒီလို အေးချမ်းနေတဲ့ အချိန်မှာ ၊ နင်တို့ စိတ်ထဲမှာ လိုချင်တဲ့ လောဘ ရှိသေးလား"

"မရှိပါဘူး အဘွား"

"စောစောတုန်းက တစ်ထောင်ဆီ လှူလိုက်ရလို့ ကော နှမြောသေးလား"

"မနှမြောပါဘူး အဘွား"

"အခု အဲဒီလို လှူလိုက်ရလို့၊ နင်တို့ တွေအတွက် မမြင်နိုင်တဲ့ ကုသိုလ်ကံတရားတွေ မရလိုက်ကြဘူးလား"

"ရလိုက်ပါတယ်အဘွား"

"အဲဒီလိုပဲပေါ့ကွဲ့၊ အခုလည်း မင်းတို့ တွေ မမြင်နိုင်တဲ့ ကံတရားက၊ အခုလိုပြုလိုက်ရတဲ့ ကုသိုလ်ကံကြောင့် ၊ မင်းတို့ ဆီကို ရောက်ရှိလာရမှာ ပေါ့၊ ကဲ ... အခု စိတ်ချမ်းသာသွားပြီ ဆိုတော့၊ လူချမ်းသာဖို့ ပဲ လိုတော့တယ်"

"ဟုတ်ကဲ့ပါ အဘွား"

"လူချမ်းသာဖို့ အတွက် ဆိုရင်တော့ ၊ ပထမဦးဆုံး လောဘနည်းရမယ်၊ လောဘကြီးရင် လိုတာမရ ရတာ မလိုတွေ ဖြစ်တတ်တယ်၊ အခု မင်းတို့ လက်ထဲမှာ ပိုက်ဆံ ဘယ်လောက်ဆီ ရှိကြသေးလဲ"

"ရှိပါသေးတယ် အဘွား"

"ရှိရင် တစ်ယောက် ငါးရာဆီ ထပ်ပြီး ပေးကြပါဦး"

အချို့သော လူများကတော့၊ အဘွား၏ စေတနာကို နားမလည်ပါဘဲ၊ စိတ်ထဲကနေ ကြိမ်းနေမှာ တော့ သေချာပေတော့သည် ။

"ဒီအဘွားကြီး ငါတို့ ဆီက ပိုက်ဆံတွေကိုယူပြီး၊ သူ့အတွက်ပဲ လုပ်နေတယ်" ဟု ပဲ ထင်နေကြပုံရလေသည် ။

"အခု ... အိမ်ကိုလာကြတဲ့ သူတွေ ဘယ်နှစ်ယောက်လည်း ကွဲ့"

"အရောက်သုံးဆယ်ပါ အဘွား"

"အရောက်သုံးဆယ်ကို တစ်ယောက် ငါးရာဆိုတော့ တစ်သောင်းခွဲပေ့၊ ကဲ ... ရပြီ မနက်ဖြန် ချဲထွက်မယ် မဟုတ်လား၊ အခုတော့ နင်တို့တွေ အားလုံး ပြန်ကြတော့၊"

"ဗျား ... ဟင်း ... ဟား ... ဟို"

ဟူသော လူအများ ၏ နှုတ်မှ အာမေဋိတ်သံများ လည်း ထွက်ပေါ်၍ လာပါ လေတော့သည် ။

"အချို့ကတော့ ဒီအဘွားကြီး ငါတို့ ပိုက်ဆံတွေ ယူပြီး၊ သူချဲထိုးဖို့ အတွက် အရင်းအနှီး လုပ်မလို့ များ လား၊ သို့တည်းမဟုတ်၊ ငါတို့ ကို အယုံသွင်းပြီး ငါးကြင်းဆီနဲ့ ငါးကြင်း ပြန်ကျော်မလို့ များ လား" ဟု တီတီတိုးတိုး ပြောဆိုနေကြလေ၏။ ထိုအခါတွင် အဘွားသည် ...